

# မြန်မာနိုင်ငံကြက်ခြေနီအသင်း

HR-HQ VA No. 133 – First Aider

**မြန်မာနိုင်ငံကြက်ခြေနီအသင်း**သည် မြန်မာနိုင်ငံတွင် သက်တမ်းအရှည်ကြာဆုံးနှင့် ဦးဆောင်ဦးရွက်ပြုနေသော လူမှုကရုဏာအဖွဲ့အစည်းဖြစ်ပြီး ဘေးအန္တရာယ်ကျရောက်လွယ်ဆုံးသူများ၏ ကျန်းမာရေးနှင့် ပိုမိုကောင်းမွန်သော ဘဝများအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

## ရှေးဦးပြုစုသူ (First Aider)

| | | |
|---|---|---|
| အရေအတွက် | : | (၁) ဦး |
| အစီရင်ခံတင်ပြမှု | : | လက်ထောက်အုပ်ချုပ်ရေးအရာရှိ |
| ဌာန | : | စီမံရေးရာဌာန |
| တာဝန်ကျရာနေရာ | : | နေပြည်တော်/ရန်ကုန် |
| အဆင့် | : | B-2 |
| အကျိုးခံစားခွင့်များ | : | လစာ + အပိုထောက်ပံ့ကြေး + ရှောင်တခင်ခွင့်+ ကူးစက်ရောဂါကာကွယ်ခွင့် + လုပ်သက်ခွင့် + ဆေးလက်မှတ်ခံစားခွင့် + မီးဖွားခွင့် + နာရေးခွင့် + အစားထိုးနားရက်ခံစားခွင့် + မွေးကင်းစကလေးအား ပြုစုခွင့် + သွေးလှူရှင်ခွင့် + ခရီးသွားစားရိတ် + ကျန်းမာရေးအာမခံနှင့် စုပေါင်းအသက်အာမခံ + စွမ်းဆောင်ရည်မြှင့် သင်တန်းများ |
| လျှောက်လွှာပိတ်ရက် | : | ၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ (၁၉) ရက်၊ (၁၆:၃၀)နာရီ |

### စီမံချက် (သို့) ဌာနအကြောင်း မိတ်ဆက်အကျဉ်း

မြန်မာနိုင်ငံကြက်ခြေနီအသင်းဌာနချုပ်ရှိ ဌာန(၁၃)ခုတွင် စီမံရေးရာဌာနသည် တစ်ခုအပါအဝင်ဖြစ်သည်။ စီမံရေးရာဌာနကို ဌာနစု (၂)ခု၊ ဌာနစိတ်(၈)ခုတို့ဖြင့် ဖွဲ့စည်းဆောင်ရွက်လျက် ရှိပါသည်။ အဆိုပါ ဌာနစိတ်များမှာ ရုံးအဖွဲ့၊ စာကြည့်တိုက်၊ သန့်ရှင်းရေး၊ စားရိပ်သာ၊ မော်တော်ယာဉ်၊ အဆောက်အဦ၊ လုံခြုံရေး၊ ဥယျာဉ် ဌာနစိတ်တို့ဖြစ်ပြီး၊ လုပ်ငန်းများ စနစ်တကျရှိရေး၊ ဝန်ထမ်းများ အဆင်ပြေစွာနေထိုင် စားသောက်၊ သွားလာရေးတို့ကို စီမံဆောင်ရွက်ပေးလျက်ရှိပါသည်။

### ရည်ရွယ်ချက်

**ရှေးဦးပြုစုသူသည်** ထိခိုက်ဒဏ်ရာရသူ သို့မဟုတ် မကျန်းမာသူတို့အား ဆေးရုံ၊ ဆေးခန်း သို့မဟုတ် ကျွမ်းကျင် ဆရာဝန်ထံသို့ မရောက်ရှိသေးမီ အချိန်အတွင်း လူနာ၏အသက်ကိုထိန်းသိမ်းရန်၊ အခြေအနေ ပိုမိုဆိုးဝါး

"Person with disability are encouraged to apply this post as they will be given equal opportunity"

"Our recruitment and selection procedures reflect our commitment to the safety and protection of children, and prevention of violence among communities' members in our programs"

*Humanity, Impartiality, Neutrality, Independence, Voluntary Service, Unity and Universality*

မသွားစေရန်နှင့် ဝေဒနာသက်သာစေရန် အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးရပါသည်။

## တာဝန်နှင့်ဝတ္တရားများ

၁။ ရှေးဦးပြုစုသူသည် လူနာတင်ယာဉ်ပေါ်လိုက်ပါ၍ လူနာအား ရှေးဦးပြုစုပေးခြင်းနှင့် ဆေးရုံဆေးပေးခန်းများသို့ ညွှန်းပို့ခြင်း လုပ်ငန်းများဆောင်ရွက်ရမည်။

၂။ လူနာအား စနစ်တကျ သယ်ယူရွှေ့ပြောင်းခြင်း၊ ကျောရိုးထိန်းသယ်ပြား(Spine Board), ညှပ်ယူသယ်ပြား (Scoop Stretcher)၊ Wheelchair နှင့် အခြားလူနာရွှေ့ပြောင်းရေးကိရိယာများကို မှန်ကန်စွာ အသုံးပြုနိုင်ရမည်။

၃။ လူနာတင်ယာဉ်ပေါ်ရှိ First Aid Kit များ ၊ Medical Equipment များကို စနစ်တကျ အသုံးပြု၍ အသင့်ပြန်လည်အသုံးပြုနိုင်ရန် အမြဲစစ်ဆေးဆောင်ရွက်ရမည်။

၄။ လူနာတင်ယာဉ်အား အမြဲသန့်ရှင်းရေး ဆောင်ရွက်ရမည်။

၅။ လူနာပြုစုပြီးသော ပစ္စည်းများကို စနစ်တကျစွန့်ပစ်ရမည်။

၆။ လူနာတင်ယာဉ်ခေါ်ဆိုမှုမှတ်တမ်း၊ လူနာမှတ်တမ်း၊ လစဉ်အစီရင်ခံစာနှင့် အခြားသက်ဆိုင်သော မှတ်တမ်းစာရွက်စာတမ်းများကို တိကျမှန်ကန်စွာ ဖြည့်စွက်ထိန်းသိမ်းရမည်။

၇။ မတော်တဆဖြစ်စဉ်များတွင် ယာဉ်မောင်း၊ မီးသတ်၊ ယာဉ်ထိန်းနှင့် ကောင်းမွန်စွာ ညှိနှိုင်းဆောင်ရွက်ရမည်။

၈။ လူနာ၏ကိုယ်ရေးအချက်အလက်များနှင့် ဆေးကုသမှုဆိုင်ရာအချက်အလက်များကို လျှို့ဝှက်ထိန်းသိမ်းရမည်။

၉။ အခြားသက်ဆိုင်ရာသင်တန်းများတွင် တက်ရောက်ပြီး အသိပညာနှင့်ကျွမ်းကျင်မှုများကို အမြဲတမ်းမြှင့်တင်ရမည်။

၁၀။ အသင်း၏ လုပ်ငန်းလိုအပ်ချက်အရ အချိန်ပိုဆက်လက်ထမ်းဆောင်ရန် လိုအပ်ပါက လေးစားစွာ နာခံဆောင်ရွက်တတ်ရမည်။

၁၁။ အသင်း၏လိုအပ်ချက်အရ ထပ်မံပေးအပ်သည့် သီးခြားတာဝန်များကိုလည်း ထမ်းဆောင်နိုင်သူ ဖြစ်ရမည်။

## လိုအပ်သောအရည်အချင်းများ

- **အခြေခံပညာ အထက်တန်းအဆင့် ဖြစ်ရမည်။**
- အနည်းဆုံးလုပ်သက်(၁)နှစ်အထက်ရှိရမည်။

- ရုံးလုပ်ငန်းပိုင်းများလုပ်ကိုင်နိုင်သူဖြစ်ရမည်။
- လုပ်ငန်းလိုအပ်ချက်အရအချိန်ပိုဆင်း တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။
- စာရိတ္တကောင်းမွန်၍ ဆက်ဆံရေးပြေပြစ်သူဖြစ်ရမည်။
- ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်။
- နေပြည်တော်တွင် တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။
- အင်္ဂလိပ်ဘာသာစကားရေး/ဖတ်နိုင်ရမည်။
- မြန်မာဘာသာစကားကောင်းမွန်စွာရေး/ဖတ်နိုင်ရမည်။
- ကြက်ခြေနီအခြေခံမူ(၇)ချက်၊ မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ မဟာဗျူဟာနှင့် စည်းမျဉ်း စည်းကမ်းများကို လိုက်နာနိုင်သူဖြစ်ရမည်။
- ကြက်ခြေနီနှင့် လခြမ်းနီအခြေခံမူများကို နားလည်လက်ခံပြီး တက်ကြွစွာမြှင့်တင်လိုစိတ်ရှိသူဖြစ်ရမည်။
- ကြက်ခြေနီနှင့်လခြမ်းနီလှုပ်ရှားမှုကရုဏာလုပ်ရှားမှုများတွင် အတွေ့အကြုံရှိပြီး နေပြည်တော်တွင် တာဝန်ထမ်းဆောင်နိုင်သူအား ဦးစားပေးမည်။
- အထက်ပါအရည်အချင်းနှင့်ပြည့်စုံသော ကြက်ခြေနီစေတနာလုပ်အားရှင်များ လျှောက်ထားပါက ဦးစားပေးမည်။
- လျှောက်ထားသူများအနေဖြင့် မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ ဝန်ထမ်းစည်းမျဉ်း၊ အသင်း၏ လိုက်နာရမည့် ကျင့်ဝတ်စည်းကမ်း (Code of Conduct)၊ လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်ခြင်းနှင့် အလွဲသုံးစားပြုကျင့်ခြင်းဆိုင်ရာ ကာကွယ်တားဆီးရေးမူဝါဒ (PSEA Policy)၊ ကလေးသူငယ် ကာကွယ်ပေးရေးဆိုင်ရာမူဝါဒ အပါအဝင် ၎င်း၏ စံချိန်စံညွှန်းများ (Child Safeguarding Standards)၊ လိမ်လည်မှုနှင့် အကျင့်ပျက်လာဘ်စားခြင်းအား တားဆီးကာကွယ်ခြင်းဆိုင်ရာမူဝါဒ (Anti-Fraud and Anti-Corruption Measures)၊ အခွင့်အလမ်း တန်းတူညီမျှမှုဆိုင်ရာ စည်းမျဉ်းများ (Equal Opportunity Principles)နှင့် အခြားသော လုံးဝ ခွင့်မလွှတ်ပေးနိုင်သည့် (Zero-Tolerance) မူဝါဒများနှင့် လုပ်ထုံးလုပ်နည်းများအား အပြည့်အဝ လေးစားလိုက်နာရန် လိုအပ်ပါသည်။

**“ကျွန်ုပ်တို့အဖွဲ့အစည်းသည် မတူကွဲပြားမှု (Diversity) နှင့် ကျား/မ တန်းတူညီမျှမှု (Gender Equality) တို့ကို တိုးတက်မြှင့်တင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး မတူကွဲပြားသော နောက်ခံအခြေအနေ အတွေ့အကြုံရှိသူများကို လျှောက်ထားရန် အားပေးတိုက်တွန်းပါသည်။”**

*****စိတ်ပါဝင်စားသူများသည် ကိုယ်ရေးရာဇဝင်နှင့်အတူ လိုအပ်သောအထောက်အထား မိတ္တူ/ PDF Version ဖြင့် ပြည့်စုံစွာပေးပို့လျှောက်ထားမှသာလျှင် ထည့်သွင်းစဉ်းစားမည် ဖြစ်ပါသည်-**

| | |
|---|---|
| **မြန်မာနိုင်ငံကြက်ခြေနီအသင်း** | **မြန်မာနိုင်ငံကြက်ခြေနီအသင်း** |
| **ရုံးချုပ်** | **ရုံးခွဲ** |
| **ရာဇသင်္ဂဟလမ်းမကြီး၊ ဒက္ခိဏသီရိမြို့၊** | **အမှတ်(၄၂)၊ ကမ်းနားလမ်း၊ဗိုလ်တထောင်မြို့နယ်၊** |
| **နေပြည်တော်။** | **ရန်ကုန်။** |

(သို့မဟုတ်) **mrcshrrecruitment@redcross.org.mm** သို့ လိပ်မူကာ ပေးပို့ရမည်။

အသေးစိတ်အချက်အလက်များအား **www. redcross.org.mm** တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**လူတွေ့စစ်မေးခြင်းရွေးချယ်ခံရသူကိုသာ အကြောင်းကြားမည်ဖြစ်ပါသည်။**